# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 8 , 2023 Volume 67, Number 6


၈.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၄၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၉၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၂.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၈.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၅.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၂.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၅၁ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၃၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၀၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၄.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၂၅၈ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် နယူးဒေလီရှိ တောင်အာရှနိုင်ငံခြား သတင်းထောက်များ အသင်း၏ဥက္ကဋ္ဌဖြစ်သူ Mr. Shirumalla Venkat Narayan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



Source: commerce.gov.mm

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၇ ရက်၊ (၁၁:၃၀) နာရီအချိန်တွင် နယူးဒေလီရှိ တောင်အာရှ နိုင်ငံခြားသတင်းထောက်များအသင်း ( The Foreign Correspondents’ Club of South Asia – FCC ) ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Shirumalla Venkat Narayan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကုန်သွယ်မှု အခြေအနေနှင့် ဝန်ကြီးဌာနက လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းစဉ်များအား ဆွေးနွေးပြောကြားခဲ့ပြီး မြန်မာ–အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှု တိုးမြှင့်နိုင်ရေး၊ မြန်မာနှင့် ယခင်ဗြိတိသျှ အိန္ဒိယဒေသ၌ပါဝင်ခဲ့သော နိုင်ငံများ အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်မည့် အလား

အလာများ၊ မြန်မာနှင့်အိန္ဒိယအရှေ့မြောက်ဒေသပြည်နယ်များအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများမြင့်တင်ရေး၊ ဒေသခံပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုများ မြှင့်တင်ရေးတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ ထို့နောက် Mr. Shirumalla Venkat Narayan ကသိရှိလို၍ မေးမြန်းသည့်အချက်များအား ရှင်းလင်းပြောကြားခဲ့ပါသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%

## စင်ကာပူသို့ မြန်မာ့စိန်တလုံးသရက် တန် ၁၀၀ ရောင်းချမည်



သတင်း – BETV Business

စင်ကာပူနိုင်ငံကို ပင်လယ်ရေကြောင်းကနေ မြန်မာ့စိန်တလုံးသရက် တန်ချိန် (၁၀၀) ခန့် တင်ပို့ရောင်းချဖို့ ရည်မှန်းထားတယ်လို့ စားသုံးသူရေးရာဦးစီးဌာန (မန္တလေး) ကနေ သိရှိရပါတယ်။

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်က သဇင်နွယ် သရက်ခြံထွက် သရက်သီးတွေအပြင် ဒေသထွက် စိန်တလုံး သရက်သီးတွေကို စင်ကာပူဈေးကွက်ဆီ ဇွန်လ ၄ ရက်နေ့ကတည်းက စတင်တင်ပို့နေတာပါ။

ဇွန်လ ၅ ရက်နေ့အထိ သရက်သီး (၇-၈) တန် ဝင်ဆံ့တဲ့ ကွန်တိန်နာတွေနဲ့ စိန်တလုံးသရက် တန် ၄၀ ခန့်ကို ကွန်တိန်နာ ၅ စီးနဲ့ တင်ပို့ပြီးပြီလို့ DOCA (မန္တလေး) က ပြောပါတယ်။ "ယခုနှစ် သရက်သီးရာသီမှာ ဇွန်လလယ် အထိ တန် ၁၀၀ ခန့် တင်ပို့ဖို့ ရည်မှန်းထားပါတယ်"လို့ ဆိုထားပါတယ်။

စင်ကာပူဈေးကွက်ကို တင်ပို့ရောင်းချနိုင်ဖို့ သရက်စိုက်တောင်သူတွေထံကနေ ၂၅၀ ဂရမ်-၃၀၀ ဂရမ် အရွယ်အစားရှိတဲ့ စိန်တလုံးသရက်သီး တစ်တန်ကို ကျပ်ငွေ ၁၂ သိန်းခွဲအထိ ပေးဝယ်ရတာပါ။ "တင်ပို့တဲ့အခါ သရက်သီး (အကြီး/အသေး) တွေကို ဘားကုဒ်တွေနဲ့ ဖော်ပြတင်ပို့ရတာဖြစ်ပြီး သဇင်နွယ်သရက်ခြံကနေ စင်ကာပူဈေးကွက်ဆီ မြန်မာ့စိန်တလုံးသရက် တင်ပို့ရောင်းချမှုက လေးနှစ်ခန့်ရှိပြီလို့ စားသုံးသူရေးရာ ဦးစီးဌာန(မန္တလေး) ကနေ သိရှိရပါတယ်။

**Source: BETV Business**

## ဈေးကွက်တွင် ရာသီလွန်သီးများသာ ကျန်တော့သည့်အတွက် ထောပတ်သီးဈေးကောင်းရနေ




ဈေးကွက်တွင် ရာသီလွန်သီးများသာ ကျန်သောကြောင့် ပြည်တွင်း၌ ထောပတ်သီးဈေးကောင်းရနေကြောင်း သိရသည်။

ထောပတ်သီးရာသီမှာ ကုန်သွားပြီးဖြစ်၍ ဈေးကွက်တွင် ရာသီလွန် သီးများသာ အနည်းငယ်ထွက်ရှိနေသည့်အတွက် ဈေးကွက်တွင် ထောပတ်သီးရှားလာကာ ဈေးရရှိနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီး တင်ပို့ရောင်းချသူများအသင်းမှသိရသည်။ "ဒီချိန် အများကြီးမထွက်ဘူး၊ ရာသီကျော် အသီးလေးတွေပဲ ကျန်တော့တာ။ အခုလက်ရှိကနည်းနည်းပဲထွက်တော့ ရှားပြီးဈေးကောင်းရတာပါ။ မနှစ်က

ဒီချိန် ထောပတ်သီး မထွက်ဘူး၊ ဒီနှစ်မှ အပင်တွေကြီးလာလို့ နည်းနည်းလေးပဲထွက်တာ၊ တန်ချိန်နည်းတယ် ”ဟု မြန်မာနိုင်ငံ ထောပတ်သီးတင်ပို့ရောင်းချသူများအသင်း၊ အတွင်းရေးမှူး ဦးကျော်စိုးမင်းက ပြောသည်။

လက်ရှိ ပြည်တွင်း၌ ရာသီလွန်ထောပတ်သီး တစ်ကီလိုလျှင် ခြံထိုင်ဈေး ၆၀၀၀ မှ ၈၀၀၀ ကြားထိ ပေါက်ဈေးရှိကြောင်းသိရသည်။

ထောပတ်သီးလှိုင်လှိုင်ပေါ်သော ရာသီကုန်သွားချိန် တချို့သီးရန်ကျန်ရှိနေခဲ့သည့် လက်ကျန်အပင်များမှ ထွက်သည့် အသီးများသာ လက်ရှိဈေးကွက်တွင်ရှိနေပြီး လက်ကျန်သီးမှ တန်ချိန် ၅၀ ခန့်သာထွက်ကြောင်း သိရသည်။ “လက်ရှိက နွေသီးတွေ ဖြစ်ဖြစ်မြောက်မြောက်မပို့ဘူး။ နွေသီးတွေဆိုတော့ သေးသေးလေးတွေ၊ ဟိုနားနည်းနည်းလက်ကျန်၊ ဒီနားနည်းနည်း လက်ကျန်ထွက်ပေ့ါ၊ လက်ရှိထောပတ်သီးက ရာသီကုန်ချိန်ဆိုတော့ ဈေးကွက်က သိပ်လှုပ်ရှားမှု မရှိဘူး” ဟု ထောပတ်သီးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြည်ပသို့ ထောပတ်သီး ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းအတိုင်း ပြန်လည်တင်ပို့နိုင်သော်လည်း ဈေးမရရှိသေးသည့်အတွက် ထောပတ်သီးရာသီချိန်က ထိုင်းနိုင်ငံတခုသာ အဓိကထား တင်ပို့နေကြောင်း သိရသည်။

အချို့နိုင်ငံများမှ ဝယ်ယူရန် ကမ်းလှမ်းမှုများရှိသော်လည်း ပြည်တွင်း၌ ငွေဈေးနှုန်း ၂၁၀၀ နှုန်းဖြင့် တွက်ချက်ခြင်း၊ ၃၅၊ ၆၅ ရာခိုင်နှုန်းကိစ္စများစသည့်အခက်ခဲများကြောင့် ဈေးနှုန်းရရှိမှု တွက်ခြေမကိုက်သည့်အတွက် တင်ပို့နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ပြီးခဲ့သည့် ထောပတ်သီးရာသီချိန်တွင် တောင်သူများဖြင့်ဖွဲ့စည်းထားသည့် Shan Avocado ကုမ္ပဏီမှ 1kg လျှင် ၃.၇ အမေရိကန်ဒေါ်လာဖြင့် တဆင့်ခံ၍ မလေးရှားနှင့်ထိုင်းသို့ တင်ပို့ခဲ့ကြောင်းသိရသည်။

ထောပတ်သီးများကို ပြည်ပဈေးကွက်အပြင် ပြည်တွင်းဈေးကွက်တွင်းပါ စားသုံးသူများက ဈေးကွက် ရရှိနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း သုံးသပ်ကြသည်။

ထောပတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီး(ပြင်ဦးလွင်)တို့မှာ အများဆုံးစိုက်ပျိုးကြပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တောင်ကြီး၊ ဟိုပုံး၊ ညောင်ရွှေ၊ ဆီဆိုင်၊ ကလော၊ ပင်းတယ၊ ရွာငံ၊ ရပ်စောက်၊ ပင်လောင်း၊ ဖယ်ခုံ၊ လွိုင်လင်တို့တွင် လည်ကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် လားရှိုး၊ ကွတ်ခိုင်၊ ကျောက်မဲ၊ သီပေါ၊ နောင်ချိုနှင့် မန္တလေးတိုင်းဒေသကြီး (ပြင်ဦးလွင်)တို့မှာ လည်ကောင်း စိုက်ပျိုးကြကြောင်း သိရသည်။

**(AMIA)**

**Source: https://t.me/htwettoe**

## ပဲစင်းငုံဈေး စံချိန်တင်မြင့်တက်

မကွေးတိုင်းဒေသကြီးအတွင်း ပဲစင်းငုံကို မကွေး၊ အောင်လံ၊ တောင်တွင်း၊ မြို့သစ်နှင့် ရေနံချောင်း၊ နတ်မောက်၊ ... ဧရာဝတီမြစ်အနောက်ဘက် မင်းဘူးအစရှိသည့် မြို့နယ်အနှံ့အပြားတွင် စိုက်ပျိုးကြပါသည်။ အပူပိုင်းဇုံအတွင်း စိုက်ပျိုးထွက်ရှိသော သီးနှံဖြစ်သည့်အပြင် အခြားစိုက်ခင်းများတွင်လည်း သီးညှပ်အနေဖြင့် စိုက်ပျိုး၍ရသည့် သီးနှံဖြစ်သည့်အတွက် တောင်သူများတိုးချဲ့စိုက်ပျိုးသင့်သော သီးနှံဖြစ်ပါသည်။

ပဲစင်းငုံသီးနှံသည် အိန္ဒိယနိုင်ငံအကြိုက်သီးနှံဖြစ်ကာ ပြည်ပဝယ်လက်ဖြစ်သည့် အိန္ဒိယနှင့်တရုတ်နိုင်ငံတို့သို့ တင်ပို့ရောင်းချနေရသော်လည်း အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချရကာ တရုတ်နိုင်ငံသို့လည်း ရံဖန်ရံခါ တင်ပို့ရောင်းချရပါသည်။ ယခုနှစ်တွင် ပဲစင်းငုံပေါ်စ အစောပိုင်းကတည်းက ဈေးကောင်းရနေပြီး အိန္ဒိယဝယ်လိုအားကလည်း ကောင်းနေတဲ့အတွက် ပြည်တွင်းကဈေးခေါ်လိုက် အိန္ဒိယကဝယ်လိုက်နဲ့ ဈေးကောင်းရနေပါသည်။

ယခုအချိန်သည် တောင်သူလက်ထဲတွင် ကုန်လက်ကျန်မရှိသလောက်ဖြစ်နေပြီး ကုန်သည်များနှင့် လှောင်လက်များတွင်သာ ကုန်လက်ကျန်ရှိနေပါကြောင်း၊ အောင်လံနယ်တစ်ဝိုက်တွင် ကုန်လက်ကျန် အိတ် (၃၀၀၀၀)မှ (၅၀၀၀၀) ကြားရှိနေသေးကြောင်း၊ နယ်မှ တဆင့်ရန်ကုန်သို့သာ တင်ပို့ရောင်းချကြပြီး ရန်ကုန် ကုမ္ပဏီများမှ ဝယ်လက်နိုင်ငံများသို့ တင်ပို့ရောင်းချကြောင်း သိရပါသည်။

ပဲစင်းငုံဈေးအနေဖြင့် ယနေ့(၇.၆.၂၀၂၃)ရက်နေ့တွင် (၁၀၅၀၀၀)ကျပ်ဈေးအထိရရှိနေပြီး (၅.၆.၂၀၂၃)ရက်နေ့တွင် (၁၀၇၀၀၀)ကျပ်ဈေးအထိရရှိကာ ယခင်နှစ်က ယခုလိုအချိန်တွင် ပဲစင်းငုံဈေး (၅၅၀၀၀)ကျပ်ဈေးအထိသာ ရရှိခဲ့တဲ့အတွက် ယခင်နှစ်ဈေးနှင့် ယခုနှစ်ဈေး နှိုင်းယှဉ်ပါက ထက်ဝက်နီးပါးစံချိန်တင်ဈေးမြင့်တက်ခဲ့ကာ ယခုနှစ်ပဲစင်းငုံသီးနှံသည် တောင်သူရောကုန်သည်ပါ ဈေးကောင်းရသည့် နှစ်လည်းဖြစ်ပါကြောင်း သိရပါသည်။

**Source: ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန**

## ဘင်္ဂလားဒေ့ရှ်ဆိပ်ကမ်းတွင် မြန်မာကုန်သင်္ဘောတချို့ သောင်တင်နေ

မြန်မာနိုင်ငံမှ တရားဝင်တင်သွင်းလာသည့် ကုန်စည်များအနက် ဘင်္ဂလားဒေ့ရှ်အစိုးရက သတ်မှတ်ထားသည့် ကုန်စည်များကိုသာ ကမ်းပေါ်တင်ခွင့်ရခြင်းကြောင့် မြန်မာနိုင်ငံမှ ကုန်တင်သင်္ဘောများနှင့်စက်လှေများ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်တွင် သောင်တင်နေကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရက မြန်မာနိုင်ငံမှ ချင်းစိမ်း၊ ကြက်သွန်နီ၊ ငါးမြစ်ချင်းနှင့်ကုန်စိမ်းများကိုသာ တင်သွင်းခွင့်ပြုထားပြီး ဘင်္ဂလားဒေ့ရှ်ကုန်သည်ကြီးများ၏ မှာယူမှုများကြောင့် မြန်မာနိုင်ငံမှ တရားဝင်တင်ပို့လာသည့် ကွမ်းသီး၊ အုန်းသီး၊ ဆီးယို၊ မန်ကျည်းသီးခြောက်စသည့် ကုန်စည်များ ကမ်းပေါ်တင်ခွင့်မရကြခြင်းကြောင့် ရာနှင့်ချီသော သင်္ဘောများနှင့် မော်တော်ဘုတ်စက်လှေများတွင်သာ ထားရှိနေကြရပြီး ဘင်ဒရော်ဘင်ဆိပ်ကမ်းတွင် လနှင့်ချီကြာ သောင်တင်နေကြောင်းသိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ AB Bank နှင့် Sonali Bank များတွင် အမေရိကန်ဒေါ်လာနည်းပါးလာမှုကို အကြောင်းပြပြီး ဧပြီ ၃ ရက်မှစတင်ကာ အမေရိကန်ဒေါ်လာ Bank draft ပေးချေသည့်လုပ်ငန်းများ ရပ်တန့်ထားခဲ့ရာ လက်ရှိတွင် AB Bank နှင့် Sonali Bank များတွင် ဘင်္ဂလားအစိုးရက ခွင့်ပြုထားသည့် ကုန်စည်များအတွက်သာ အမေရိကန်ဒေါ်လာ Bank draft ပေးချေသည့်လုပ်ငန်းများ ဆောင်ရွက်ပေးနေပြီး တခြားကုန်စည်များအတွက် ပေးချေသည့်လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း သိရသည်။ ယင်းဖြစ်စဉ်များနှင့်ပတ်သက်ပြီး မြန်မာကုန်သည်များက စီပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြထားကြောင်း သိရသည်။

**Source:** [https://t.me/sdtimedaily](https://t.me/sdtimedaily)

## သုံးလအတွင်း ဂျင်း (ချင်း) တစ်ပိသာ ၇၅၀၀ ကျပ်အထိ ခုန်တက်




ဘင်္ဂလားဒေရှ်နိုင်ငံမှာ အဝယ်လိုက်မှုကြောင့် သုံးလအတွင်း ဂျင်း (ချင်း)တစ်ပိသာ ဈေးနှုန်းမှာ ၇၅၀၀ ကျပ်သို့ဈေးမြင့်တက်ခဲ့ကြောင်း ဂျင်း (ချင်း)တက် ရောင်းဝယ်သူများထံမှ သတင်းရရှိသည်။ "ဈေးကမကျသေးဘူး။ အခုထိပဲ။ ရှမ်းပြည်နယ် အောင်ပန်းဈေးမှာတောင် ဂျင်း (ချင်း)တစ်ပိသာ ၇၅၀၀ ကျပ်ရှိတယ်။ ကြားတာတော့ ဘင်္ဂလားဒေရှ်ဘက်က အဝယ်လိုက်နေလို့ကြားတယ်"ဟု မော်လမြိုင် စိန်ရတနာပွဲရုံမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအတွင်း ဂျင်း(ချင်း)တက်ဈေးနှုန်းမှာ မတ်လက တစ်ပိဿာလျှင် ၁၂၀၀ ကျပ် မှ ၁၃၀၀ ကျပ်အတွင်း ပေါက် ဈေးရှိရာမှ သုံးလအကြာ ဇွန်လတွင် ဂျင်း(ချင်း)တစ်ပိဿာလျှင် ၇၅၀၀ ကျပ်အထိ ဈေးတက်ခဲ့ကြောင်း ပြည်တွင်းဈေး သီးနှံဈေးကွက်မှ သိရှိရသည်။

ဂျင်း(ချင်း)အသစ်များ ပေါ်နေသောကြောင့် အောင်ပန်းဈေးကွက်တွင် ဂျင်း(ချင်း)ဈေးများ ကျဆင်းပေမယ့် မူလဈေးနှုန်းသို့ ရောက်ရှိခြင်းမရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်ကိုတင်ပို့မည့် ကုန်သည်များ၏ ဝယ်လိုအားများ နေခြင်းကြောင့် ဈေးနှုန်းများ အဆမတန် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း အောင်ပန်းကုန်စည်ရောင်းဝယ်ရေးပွဲရုံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ "ဂျင်း(ချင်း)တစ်ပိဿာကို ၇၇၀၀ အထိ ဈေးတက်ခဲ့တာ အခုမှပြန်ကျသွားတာ။ ဈေးနည်းနည်းပဲကျတယ်။ အရင်နှစ်ကထွက်တဲ့ ဂျင်း(ချင်း)ဈေးတွေတက်တာပါ။ လှပြီး မျိုးကောင်းတဲ့ ဂျင်း(ချင်း) တွေပေ့ါ။ ဂျင်း(ချင်း)သစ်တွေ ပေါ်ချိန်ဆိုရင်တော့ ဈေးထပ်ကျလောက်တယ်"ဟု အောင်ပန်းကုန်စည်ရောင်းဝယ်ရေး ပွဲရုံတာဝန်ရှိသူတစ်ဦးက ပြောသည်။

အောင်ပန်းဈေးကွက်တွင် ဂျင်း(ချင်း)ဟောင်း တစ်ပိဿာလျှင် ၇၅၀၀ ကျပ်၊ ယခုလအတွင်းပေါ်သည့် ဂျင်း(ချင်း) သစ်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ၄၀၀၀ ကျပ်ခန့်ရှိပြီး အရောင်းအဝယ်လိုက်နေသော်လည်း ဂျင်း(ချင်း) ကုန်ရောင်းသည့်သူများ ရှားနေကြောင်း အောင်ပန်းဈေးကွက်မှ သတင်းရရှိသည်။

မန္တလေးမြို့ ဂျင်း(ချင်း)ဈေးကွက်တွင် အရည်အသွေးပေါ်မူတည်ပြီး ဂျင်း(ချင်း)တစ်ပိဿာလျှင် ၄၀၀၀ ကျပ်မှ ၆၀၀၀ ကျပ်အထိ ဈေးကွက်ဖြစ်နေပြီး အရောင်းအဝယ်မှာ ပုံမှန်အနေအထားတွင်ရှိနေကြောင်း ဒေါင်းယဉ်ဦးပွဲရုံမှ ကိုကျော်စိုးနိုင်ကပြောသည်။ "အခက်ကြီးက အရောင်းအဝယ်ရှိပေမယ့်လည်း မလှတဲ့ဂျင်းတွေကတော့ အရောင်း အဝယ်ပါးတယ်။ ရှုံ့တဲ့မလှတဲ့ ဂျင်း(ချင်း)တောင် တစ်ပိဿာ ၄၀၀၀ လောက်ရှိတယ်။ အဝယ်ရှိပေမယ့် ကုန်က မဝင်ဘူး။ " ဟု ကိုကျော်စိုးနိုင်က ပြောသည်။

ဂျင်း(ချင်း)ကို ဧပြီလတွင် စိုက်ပျိုးပြီး ဇွန်လနှင့်ဇူလိုင်လတို့တွင် ဂျင်း(ချင်း)တက်တစ်ကြိမ်ပေါ်ပြီး ယင်းအချိန်ပေါ်သောဂျင်း(ချင်း)မှာ ရောင်းတန်းဝင်ပေမယ့်လည်း ဂျင်း(ချင်း)အခက်မလှကြောင်း၊ စက်တင်ဘာ၊ အောက်တိုဘာလတို့တွင်ပေါ်သော ဂျင်း(ချင်း)တက်ကသာ export တန်းဝင်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်း သိရှိရသည်။ "တစ်ခေါက်စိုက်ပြီး တောင်သူက နှစ်သီးစားတာပေ့ါ။ ပထမတစ်သုတ်ရောင်းတာက သိပ်မလှဘူး။ နောက်တစ်ကြိမ်တူးဖော်ချိန်မှာသာ ဈေးကောင်းရတာ။ ဂျင်း(ချင်း)က အဝယ်ရှိတော့ ဒီနှစ်တက်ဈေးနဲ့ ရောင်းနိုင်တဲ့ တောင်သူတွေ တစ်အားမြတ်တယ်။ လေးငါးဆကိုမြတ်တာ" အောင်ပန်းကုန်စည်ရောင်းဝယ်ရေးပွဲရုံမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မြန်မာဂျင်း(ချင်း)တက်ဈေးမှာ ဈေးကောင်းနေပြီး လက်လီဈေးကွက်တွင် တစ်ကီလို လျှင် ၃၅ တာကာဖြင့် ရောင်းချနေရကြောင်း ဒါကာမြို့လက်လီရောင်းချသူများပြောသည်ဟု myantrade.org ဝက်ဆိုက်ဒ်တွင် မေလ ၂၉ ရက်နေ့ကဖော်ပြထားသည်။ ဘင်္ဂလားဒေ့ရှ်ကုန်သွယ်ရေးကော်ပိုရေးရှင်း Trading Corporation of Bangladesh TCB ၏ ဈေးကွက်လေ့လာဆန်းစစ်ချက်အရ ဂျင်း(ချင်း)ဈေးနှုန်းသည် ပြီးခဲ့သည့် မေလအတွင်း ၈၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့သည့်ဟု ဘင်္ဂလားဒေ့ရှ်သတင်းများနှင့်ပတ်သက်၍ အဆိုပါ ဝက်ဆိုက်ဒ်တွင် ရေးသားဖော်ပြထားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ စာရင်းများအရ မြန်မာနိုင်ငံတွင် ဂျင်း(ချင်း)စိုက်ပျိုးသည့် ဧရိယာမှာ ၁၉၃၃ ဧကရှိပြီး၊ အထွက်နှုန်းပိဿာမှာ ၂၆၀၆ ဒသမ ၇၆ ထွက်ရှိသည်ဟု သိရှိရသည်။ ဂျင်း(ချင်း) အများဆုံး စိုက်ပျိုးသောဒေသမှာ ရှမ်းပြည်နယ်ဖြစ်ပြီး စိုက်ဧကပေါင်း ၁၂၇၈၇ ဧကရှိပြီး ပျမ်းမျှ ၃၂၈၄ ဒသမ ၁၀ ပိဿာထွက်ရှိပြီး ဒုတိယအများဆုံး စိုက်ပျိုးသည့်ဒေသမှာ ချင်းပြည်နယ်ဖြစ်ပြီး စိုက်ဧက ၂၄၂၇ ဧက ပျမ်းမျှ

အထွက်နှုန်းမှာ ၉၆၀ ကျော်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရသည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ဂျင်း(ချင်း)ကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ယီမင်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံနှင့် အာရပ်စော်ဘွားနိုင်ငံများသို့ တင်ပို့ကြသည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်သတင်းများအရ သိရှိရသည်။

(AMIA)

Source: Myanma Awba

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ မေလ ၂၇ ရက်မှ ဇွန်လ ၂ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေး စခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ ဆန်ကွဲနှင့် ပြောင်းများ တင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်းငွေပမာဏမှာ ၂၉၂၁၀၈၁.၂၉ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ မေလ ၂၀ ရက်မှ ၂၆ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၂၃၄၅၉၄၅.၃၇ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၅၇၅၁၃၅.၉၂ ကန်ဒေါ်လာ တန်ဖိုးပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ မေလ ၂၇ ရက်မှ ဇွန်လ ၂ ရက်နေ့အတွင်း လယ်ထွန်စက်များ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ချည်ထည်များ၊ စက်နှင့်စက်ပစ္စည်းများ၊ ဓါတ်မြေသြဇာများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ဘတ္တရီအခြောက်များ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ သံပိုက်နှင့် မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏ တန်ဖိုးမှာ ၁၀၉၃၆၂၂.၅၆ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ မေလ ၂၀ ရက်မှ ၂၆ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၁၀၇၅၃၃၅.၂၅ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏ နှိုင်းယှဉ်ပါက ၁၈၂၈၇.၃၁ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၁၈၂၇၄၅၈.၇၃ ကန်ဒေါ်လာ ပိုမိုပြီးကုန်သွယ်မှုပြုနိုင်ခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၃၉ ယွမ် ဖြစ်ပြီး၊ ၁ ယွမ် လျှင် မြန်မာကျပ်ငွေ ၂၉၄.၉၈ ကျပ် ရှိကြောင်းသိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇုံဌာန**

## ရုရှားနိုင်ငံမှ ပဲပုပ်များ တရုတ်နိုင်ငံသို့ရောက်ရှိလာ၍ နှစ်နိုင်ငံကုန်သွယ်မှုအတွက် အားအင်သစ်များဖြစ်

ရုရှားနိုင်ငံမှ တင်ပို့ခဲ့သည့် ပဲပုပ် (၂၇၁.၆)တန်သည် တရုတ်နိုင်ငံမြောက်ပိုင်းအတွင်း မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ Manzhouli ဆိပ်ကမ်းသို့ ၂-၆-၂၀၂၃ ရက်နေ့တွင် ရောက်ရှိခဲ့ရာ တရုတ်နိုင်ငံကို ရုရှားအပါအဝင် Eurasian Union အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ်ပေးထားသည့် New Land Grain Corridor ကို အသုံးပြု၍ စတင်ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ရုရှားနိုင်ငံမှပဲပုပ်တင်သွင်းမှုသည် တရုတ်နှင့်ရုရှားတို့အကြား လယ်ယာထွက်ကုန်ပစ္စည်း ကုန်သွယ်မှုတွင် ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုကို ပြသရုံသာမက စားနပ်ရိက္ခာဖူလုံရေးအတွက် ရောင်းချသူတစ်ဦးတည်း အထူးသဖြင့် အမေရိကန်နိုင်ငံ အပေါ် မှီခိုအားထားနေရခြင်းကိုလျှော့ချ၍ မတူညီသောရောင်းချသူများရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း ကျွမ်းကျင်သူများကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ရေရှည်တွင် ရုရှားမှပဲပုပ်ရောင်းချမှု သိသိသာသာတိုးလာမည်ဟု မျှော်လင့်ထားကြောင်း၊ ရုရှားမှပဲပုတ်အပါအဝင် ကောက်ပဲသီးနှံတန်ချိန်(၈)သန်းခန့်သည် Manzhouli ဆိပ်ကမ်းတစ်ခုတည်းသို့ နှစ်စဉ်ရောက်ရှိမည်ဖြစ်ပြီး နှစ်နိုင်ငံ ကုန်သွယ်မှုတွင် တွန်းအားသစ်များ ရရှိစေမည်ဖြစ်ကြောင်း Global Times ၏ လေ့လာချက်အရသိရှိရပါသည်။

တရုတ်နိုင်ငံသည် ပဲပုပ်ကို အဓိကစားသုံးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ရုရှားနိုင်ငံသည် ကောက်ပဲသီးနှံ အမြောက် အမြားထုတ်လုပ်သည့် နိုင်ငံဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် ပဲပုတ်စိုက်ပျိုးခြင်းမှအစ ပြုပြင်ထုတ်လုပ်ခြင်း၊ သုတေသနပြုခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုကို အလေးထားဆောင်ရွက်လာကြကြောင်း သိရှိရပါသည်။

ရုရှားနိုင်ငံမှ သွင်းကုန်လမ်းကြောင်းသစ်သည် နှစ်နိုင်ငံအကြား ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အရေးကြီးသော အစိတ်အပိုင်းဖြစ်ပြီး ပဲပုတ်တင်သွင်းမှုအတွက် အမေရိကန်ကဲ့သို့ နိုင်ငံတစ်ခုတည်းအပေါ် မှီခိုအားထားမှုကို လျှော့ချရန်တွန်းအားပေးမှု တစ်ခုဖြစ်ကြောင်းလည်း သိရှိရပါသည်။

Manzhouli ဆိပ်ကမ်းမှတစ်ဆင့် ပထမဆုံးသယ်ယူပို့ဆောင်မှုသည် တရုတ်နိုင်ငံ၏ ကောက်ပဲသီးနှံတင်သွင်းမှု မဟာဗျူဟာနှင့် ပြည်ပနှင့်စိုက်ပျိုးရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုအတွက် မှတ်တိုင်သစ်တစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဝယ်ယူမှုအဖွဲ့ချုပ်၏ ဒါရိုက်တာ Kang Shuchun က Global Times သို့ ၄-၆-၂၀၂၃ ရက်နေ့တွင် ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်း၌ စားသုံးသော ပဲပုတ်၏ (၈၅)ရာခိုင်နှုန်း သို့မဟုတ် တန်ချိန် (၁၀၀)သန်း နီးပါးကို နှစ်စဉ် ပြည်ပမှ ဝယ်ယူတင်သွင်းနေရပြီး အမေရိကန်နှင့်ဘရာဇီးလ်တို့သည် အဓိကတင်သွင်းသူများဖြစ်ကြောင်း သိရှိရပါသည်။ ထိုသို့ပြည်ပမှ တင်သွင်းမှုများအပေါ် အလွန်အမင်း မှီခိုနေရခြင်းကြောင့် ပဲပုပ်ထုတ်လုပ်မှု စွမ်းရည်နှင့် ပြည်တွင်းဖူလုံမှုနှုန်း တိုးမြှင့်ရန်လိုအပ်သည်ဟု ပညာရှင်များက ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

ရုရှားနိုင်ငံမှ ပဲပုတ်သည် တရုတ်နိုင်ငံ၏ စုစုပေါင်း ပဲပုတ်တင်သွင်းမှုပမာဏ၏ အနည်းငယ်မျှသာရှိသော်လည်း တရုတ်နိုင်ငံအနေဖြင့် ပဲပုတ်ထုတ်လုပ်နိုင်မှုနည်းပါးခြင်းနှင့် ရုရှားပဲပုတ်၏ အရည်အသွေးမြင့်မားခြင်းတို့ကြောင့် အနာဂတ်တွင် အခွင့်အလမ်းများကို အသုံးချရန် အလားအလာရှိနေဆဲဖြစ်ကြောင်း သိရှိရပါသည်။

ရုရှားပဲပုတ်သည် ပရိုတင်းဓာတ်ပါဝင်မှု မြင့်မားသည့်အပြင် မျိုးဗီဇပြုပြင်မွမ်းမံထားခြင်း မရှိသည့်အတွက် တရုတ် စားသုံးသူများ၏ လက်ခံသုံးစွဲမှုကို ရရှိမည်ဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ရုရှားနိုင်ငံသည် တရုတ်နိုင်ငံနှင့်နိုင်ငံရေးအရ ခိုင်မာသောဆက်ဆံရေးကိုရရှိထားပြီး နှစ်နိုင်ငံအကြားရှည်လျားသော နယ်နိမိတ်ထိစပ်မှုလည်းရှိနေကြောင်းနှင့် Tongjiang-Nizhneleninskoye ရထားလမ်းအပါအဝင် ထောက်ပံ့ပို့ဆောင်ရေး လမ်းကြောင်းများ ပိုမိုဖွင့်လှစ်ပြီးနောက် နှစ်နိုင်ငံကုန်သွယ်မှုသည် ပိုမိုလွယ်ကူမြန်ဆန်လာကြောင်းလည်းသိရှိရပါသည်။

**Source:** https://www.globaltimes.cn/page/202306/1291902.shtml

**စီးပွားရေးသံမှူး ၊ နန်နင်း**

https://myantrade.gov.mm/article/Naypyitawstp_070620231211

# STOCK EXCHANGE (8.6.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 8th Jun. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,744 (Shares) | 33,296,450 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | -100 | -1.23% | 8,000 | 8,000 | 8,000 | 813 | 6,504,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,950 | 3,000 | 2,900 | 4,707 | 13,864,450 | 38,929,150 | 112,895 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 98 | 715,400 | 10,400,986 | 75,927 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,500 | 1,500 | 1,450 | 8,101 | 12,146,500 | 29,664,613 | 43,014 |
| TMH | 00005 | 2,550 | +100 | +4.08% | 2,550 | 2,550 | 2,550 | 24 | 61,200 | 12,823,224 | 32,699 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 19,977,223 | 48,944 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 1 | 4,900 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 8th Jun. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.42 | -1.15 | -0.32% | 361.24 | 362.35 | 357.42 | 13,744 | 33,296,450 | 7 | 629,795 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 8th Jun. 2023

| Trading Volume | Trading Value |
|---|---|
| 13,744 (Shares) | 33,296,450 (MMK) |

## Main Board

As of 1:00 pm, 8th Jun. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,744 (Shares) | 33,296,450 (MMK) |

| MYANPIX | 357.42 ▼ 1.15 |
|---|---|
| Total Volume (shares) | 13,744 |
| Total Value (MMK) | 33 mil |
| Listed Company | 7 |
| Market Cap. (MMK) | 629,795 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▼ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 100 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |